# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.5, N0.7

July 2026


## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ခြင်း



ဇွန်လ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းသည် အားကစားရေးရာ ဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၄-၆-၂၀၂၆ ရက်နေ့၊ ၀၉:၀၀ နာရီအချိန်၊ ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ အမျိုးသား ရေကူးကန်ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

စာ ၂



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း

စာ ၃



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပခြင်း

စာ ၄



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အင်းစိန်ဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၅



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် တွေ့ဆုံဆွေးနွေး

စာ ၆



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ သန်လျင်လူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့ တွေ့ဆုံဆွေးနွေးခြင်း

ဇွန်လ ၁၂ ရက်

ဘာ သာ ပေါ င်း စုံ ချ စ် ကြ ည် ညီ ညွ တ် ရေး အ ဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် အဖွဲ့ဝင်များအား ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းကနှုတ်ခွန်းဆက်စကားပြောကြားပါသည်။

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏက အဖွဲ့၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ အဓိကတာဝန်ယူ ဆောင်ရွက်နေမှုများကို ပြောကြားခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုကို ၁၁:၀၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီးများအားပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း






ဇွန်လ ၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ် သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ၉-၆-၂၀၂၆ ရက်နေ့၊ နံနက်ပိုင်းတွင် ကော်မရှင်ရုံး၌ပြုလုပ်ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ အခြေခံပညာ ကျောင်းနေအရွယ် သားသမီးများတက်ရောက်ကြပါသည်။

ဦး စွာ မြ န် မာ နို င် ငံ အ မျိုး သား လူ့ အ ခွ င့် အ ရေး ကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးသည် လူတစ်ယောက်ရဲ့ ဘဝအာမခံချက် ဖြစ်သလို နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအတွက် အဖိုးမဖြတ်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်ရုံးဝန်ထမ်းမိဘများ၏ ပညာရေးကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးများကို တစ်ဖက်တစ်လမ်းကနေ သက်သာစေဖို့နှင့် ကျောင်းသား/သူများ ပညာရေးမှာ ပိုမိုကြိုးစားချင်စိတ် ဖြစ်ပေါ်လာစေဖို့ ရည်ရွယ်ပြီး အခုလို ပညာသင်ထောက်ပံ့ကြေးကို နှစ်စဉ်ပေးအပ်ရခြင်းဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတက ခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံပြီး ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ရာမှာ အသိပညာ၊ အတတ်ပညာ၊ ပင်ကိုယ်အရည်အသွေး၊ စွမ်းရည်များနဲ့ ပြည့်စုံတဲ့ ဘက်စုံပညာရေး ကဏ္ဍကို မြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားခဲ့ပါကြောင်း၊ ကော်မရှင်ရုံးဝန်ထမ်းများ၏ ကျောင်းသား/ကျောင်းသူများအနေဖြင့် ပညာကိုသင်ယူလေ့လာထားသူဟာ မိမိတတ်မြောက်ထားတဲ့ ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မှာဖြစ်တဲ့အတွက် မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်

မှာဖြစ်ကြောင်း ပြောကြားပါသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်း နေအရွယ် သားသမီးများအား ပညာသင်စရိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ရာ ကျောင်းသားမိဘ ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခြင်း




ဇွန်လ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ် (MCEF) တို့ ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို အသင်းချုပ် တည်ရှိရာ ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်၌ ၁၈-၆-၂၀၂၆ ရက်နေ့တွင် Hybrid system ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံ ကော်မရှင်ရုံးဝန်ထမ်းများ၊ အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အသင်းသား/ အသင်းသူ လုပ်ငန်းရှင်များ စုစုပေါင်း (၅၀) ဦး တက်ရောက်ခဲ့ပါသည်။

ပထမဦးစွာ ကော်မရှင်ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသည် ကော်မရှင်နှင့် အသင်းချုပ်တို့အကြား ပထမဆုံးအကြိမ် ပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲဖြစ်ပါကြောင်း၊ဆောက်လုပ်ရေးလုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးများ ထိပါးချိုးဖောက်မှု များ မ ဖြ စ် အော င် ကြို တ င် ကာ ကွ ယ် စီ မံ မှု များ ထား ရှိ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် တာဝန်တစ်ရပ်သာမက အောင်မြင်ပြီး ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်း တစ်ခုတည်ဆောက်ရန် အရေးကြီးသော အချက်တစ်ချက်လည်း ဖြစ်သည့်အတွက် မိမိတို့လုပ်ငန်းများ ရေရှည်တည်တံ့၍ အောင်မြင်သော စီးပွားရေးလုပ်ငန်းများ ဖြစ်ရန်အရေးကြီးပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုး တ က် မှု နှ င့် လူ မှု ဘ ဝ ဖွံ့ ဖြိုး တိုး တ က် ရေး တို့ တွ င် တစ်ဖက်တစ်လမ်းမှ ပါဝင်အားဖြည့်ပံ့ပိုးပေးနိုင်မှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းမှ ဆွေးနွေးဟောပြောပွဲ ဖြစ်မြောက်အောင်မြင်သည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်နုနုရီမှ လူ့အခွင့်အရေး အခြေခံသဘောသဘာဝအကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်တင်ဌေးအိမှ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အကြောင်းနှင့် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အကြောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းမှ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး အကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများမှ မေးမြန်းသည်များကို ပြန် လည်ဖြေဆိုခဲ့ကြပါသည်။ ဟောပြောဆွေးနွေးပွဲကို မွန်းလွဲ ၁:၀၀ နာရီအချိန်တွင် စတင် ပြုလုပ်ခဲ့ပြီး ညနေ ၄:၃၀ အချိန်တွင် ဆွေးနွေးပွဲ ပြီးဆုံးခဲ့ပါသည်။



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အင်းစိန်ဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း





ဇွန်လ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင် အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်၊ ဒေါက်တာနုနုရီနှင့် ဒေါက်တာဆွေဆွေအောင် တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၂၆ ခုနှစ် ဇွန်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်အား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ လိင်စိတ်ခံယူမှုကွဲပြားသူအကျဉ်းသားများအဆောင်၊ အကျဉ်းထောင်ဆေးရုံရှိ သက်ကြီးမသန်စွမ်း အကျဉ်းသားများအဆောင်၊ ဆေးကုသဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ သွားရောဂါ ကုသဆောင်၊ တီဘီရောဂါကုသဆောင်၊ စာကြည့်တိုက်၊ သက်မွေးဝမ်းကျောင်းပညာ သင်ကြားသည့်အလုပ်ရုံ၊ ဓမ္မာရုံ၊ စားဖိုကြီး၊ ဂတ်စ်မီးဖိုရိက္ခာဂိုထောင်၊ ရေသန့်စက်များ၊ သုံးရေကန်များ ကြည့်ရှု စစ်ဆေးခြင်း၊ အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးခြင်းနှင့် အကျဉ်းထောင်အတွင်း အကျဉ်းသားများအား သင်ကြားပို့ချပေးသည့် အခြေခံ အရေး အဖတ် အတွက် သင်တန်း၊ Grade 9 မှ Grade 12 နှင့် တက္ကသိုလ်စာသင်နှစ်များအလိုက် စာပေသင်ကြားပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံ ရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှု၊ အတန်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေမှုအခြေအနေများ၊ အကျဉ်းသား/သူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိအခြေအနေနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကော်မရှင်နှင့်လွတ်လပ်စွာ သီးခြားတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူများ၏ တင်ပြချက်များကို မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။ ကော်မရှင်မှ အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ၊ ရသနှင့် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကို အကျဉ်းထောင် တာဝန်ရှိသူများထံ လှူဒါန်းခဲ့ပြီး နောက်ဆုံးအကြိမ် အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခဲ့စဉ်ကော်မရှင်၏အကြံပြုချက်များအပေါ် အကျဉ်းထောင်မှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



**ဇွန်လ ၁၁ ရက်**

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၆) ကို ၁၁-၆-၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အဖွဲ့ဝင် ဒေါက်တာ ဥမ္မာကျော်၊ အလှည့်ကျ ကော်မတီဝင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်ဌေးအိ၊ ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



**ဇွန်လ ၂၉ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၂၆) ကို ၂၉-၆-၂၀၂၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များနှင့်ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် တွေ့ဆုံဆွေးနွေး



**ဇွန်လ ၅ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာမြင့်သူမြိုင်၊ ဒေါက်တာနုနုရီနှင့် ဒေါက်တာတင်ဌေးအိတို့သည် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဟန်သူ ဦးဆောင်သောတာဝန်ရှိသူများ (မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ) အား ၅-၆-၂၀၂၆ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ တွေ့ဆုံ၍ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမဦးစွာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မသန်စွမ်းသူ များ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ Charity-based (လူမှုဝန်ထမ်းအခြေပြုအမြင်) မှ Rights-based (လူ့အခွင့်အရေးအခြေပြုအမြင်) သို့ ကူးပြောင်းရေးကိစ္စရပ်များ၊

မသန်စွမ်းသူများနှင့် သက်ဆိုင်သော နိုင်ငံတကာ ကတိကဝတ်နှင့် ပြည်တွင်းဥပဒေ လက်လှမ်းမီပျံ့နှံ့စေရေး ကိစ္စရပ်များ၊ ကော်မရှင်၏ အသိပညာပေးရေးနှင့် မူဝါဒဆိုင်ရာ ကိစ္စရပ်များနှင့် စောင့်ကြည့်လေ့လာခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း စသည်တို့နှင့်စပ်လျဉ်း၍ ကော်မရှင်မှ ပူးပေါင်းဆောင်ရွက်ပေးစေလိုသည်များကို တင်ပြ ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်နှင့် အသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ မသန်စွမ်းသူများ၏အခွင့်အရေးများနှင့်စပ်လျဉ်း၍ အသိပညာပေးဆောင်ရွက်မှုများဖြစ်သော သင်ခန်းစာပို့ချရာတွင် မသန်စွမ်းသူအခွင့်အရေးများ ထည့်သွင်းပို့ချခြင်း၊ အမြင်အာရုံ မသန်စွမ်း သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို မျက်မမြင်လက်စမ်းဘာသာ (Braille) အပါအဝင် လူ့အခွင့်အရေးစာရွက်စာတမ်းများ ပုံနှိပ်ဖြန့်ချိခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများချိုးဖောက်ခံရမှုနှင့်စပ်လျဉ်း၍ တိုင်တန်းချက်များပေးပို့လာပါက စိစစ်ဆောင်ရွက်ခြင်း၊ မသန်စွမ်း သင်တန်းကျောင်းများသို့ ကော်မရှင်မှ သွားရောက်ကြည့်ရှုဆောင်ရွက်မှု အခြေအနေများ၊ ၂၀၂၆ ခုနှစ်တွင် မသန်စွမ်းသူအခွင့်အရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်လျာထားချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်တို့ပူးပေါင်းကာ မသန်စွမ်းသူများ၏ အခွင့်အရေးမြှင့်တင်ကာကွယ်ရေး ရှေ့ဆက်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ၁၅:၃၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သန်လျင်လူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း



ဇွန်လ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်နှင့် ဒေါ်စန္ဒာတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၁၆-၆-၂၀၂၆ရက်နေ့တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနကြီးကြပ်မှုအောက်ရှိရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်ရှိ သန်လျင်လူငယ်သင်တန်းကျောင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

သန်လျင်လူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်း၌ လက်ခံ စောင့်ရှောက်သင်ကြားပေးလျက်ရှိသော လူငယ်များ၏ တရားရင်ဆိုင်ဆဲ အမှုများ ကြန့်ကြာမှု ရှိ မရှိ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ အစားအစာ ကျွေးမွေးမှု အခြေအနေ၊သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ အိပ်ဆောင်များ ထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေ၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှုအခြေအနေများနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည် ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## Canva Tools & Canva AI for Digital Design Creation သင်တန်းဖွင့်လှစ်ခြင်း





ဇွန်လ ၁၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး e-Government ဌာနမှ ကော်မရှင်ရုံး ဝန်ထမ်းများ Canva ကို အသုံးပြု၍ Social Media Design ၊ Digital Design နှင့် Presentation Design များကို လွယ်ကူထိရောက်စွာ ဖန်တီးနိုင်စေရန်နှင့် AI Tools များကို အသုံးချကာ လုပ်ငန်းတာဝန်များကိုအချိန်ကုန်သက်သာစွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ Canva Tools & Canva AI for Digital Design Creation သင်တန်းကို ၁၅-၆-၂၀၂၆ ရက်နေ့မှ ၁၉-၆-၂၀၂၆ ရက်နေ့ထိ (၄) ရက်ကို သင်တန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ကော်မရှင်ရုံးမှ အရာထမ်း (၆) ဦး၊ အမှုထမ်း (၅) ဦး စုစုပေါင်း သင်တန်းသား/ သင်တန်းသူ (၁၁) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ





ဇွန်လ ၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကိုထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေးဆွဲထားသောရှေ့လုပ်ငန်းစဉ်မူဘောင်ပါပန်းတိုင်၊ရည်မှန်းချက်များနှင့်အညီနှစ်အလိုက်လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည် ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာနုနုရီနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ် (၂၉) သို့ ၃-၆-၂၀၂၆ ရက်နေ့ ၀၉:၀၀ နာရီမှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာနုနုရီက လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများအား သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၂၇ ဦး၊ သင်တန်းသူ ၂၂ ဦး၊ စုစုပေါင်း သင်တန်းသား အရာရှိ ၄၉ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများ မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင်

နှင့် ဒုတိယဥက္ကဋ္ဌနှင့်အတွင်းရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တက္ကသိုလ် (၁၂) ခု၏ ဥပဒေဌာနများသို့ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ စာအုပ်၊ စာတမ်းများ လှူဒါန်း





ဇွန်လ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) အရ ကော်မရှင်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ ဥပဒေ ပညာ လေ့လာဆည်းပူးနေကြသော ကျောင်းသား/သူများ လူ့အခွင့်အရေး အသိပညာတိုးပွားလာစေရေးအတွက် လူ့အခွင့်အရေးနှင့် ဥပဒေဆိုင်ရာ စာအုပ်၊ စာတမ်းများကို ၂၀၂၆ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လအထိ ၃ ကြိမ်ခွဲ၍ ပေးပို့လှူဒါန်းနိုင်ရေး လုပ်ငန်းစဉ်၏ ရက် ၁၀၀ စီမံချက်လုပ်ငန်းတစ်ရပ်အဖြစ် ချမှတ်လျာထားခဲ့ပါသည်။

အဆိုပါစာအုပ်၊စာတမ်းများလှူဒါန်းရာတွင် ပထမအကြိမ်အဖြစ်၁၆-၆-၂၀၂၆ရက်နေ့တွင်ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်ဌေးအိနှင့် ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့က မန္တလေးတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်များသို့ သွားရောက်ကာ ယင်းတက္ကသိုလ်အသီးသီးရှိ ဥပဒေဌာနများမှ တာဝန်ရှိသူများထံ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (မြန်မာ+တိုင်းရင်းသား) နှင့် ကြေညာစာတမ်း (ပိုစတာ)၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ (မြန်မာ၊ အင်္ဂလိပ်) နှင့် ကော်မရှင် (လက်ကမ်းစာစောင်)၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်)၊ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်)၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ပြည်သူ့ရေးရာနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းသော ပြုမူဆက်ဆံခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းကို ဆန့်ကျင်ရေးသဘောတူစာချုပ် ၃ စုံစီ တို့ကို ပေးအပ်လှူဒါန်းခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇွန်လ ဒုတိယပတ်အထိကာလအတွင်းပင်လုံတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ကလေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်နှင့် လှိုင်ကော်တက္ကသိုလ်တို့သို့လည်း စာအုပ်၊ စာတမ်းများ ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ





ဇွန်လ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (က) အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်း၏ တစ်စိတ် တစ်ဒေသအဖြစ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်ဌေးအိနှင့် ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းတို့သည် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အရာထမ်း သင်တန်း အမှတ်စဉ်(၂၂)သို့၁၇-၆-၂၀၂၆ရက်နေ့၀၈:၀၀နာရီမှ၁၁:၅၀နာရီအချိန်အထိ လူ့အခွင့်အရေး ဆိုင်ရာ ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်ဌေးအိက လူ့အခွင့်အရေး အခြေခံ အယူအဆများအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများအား သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင်သင်တန်းသား ၂၈ ဦး၊ သင်တန်း သူ ၂၁ ဦး၊ စုစုပေါင်း သင်တန်းသား အရာရှိ ၄၉ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများ မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

---

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဇွန်လ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ်(၆/၂၀၂၆)အခမ်းအနားကို ၂၃ -၆-၂၀၂၆ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြား ရေး မှူး များ ၊ ဒု တိ ယ ညွှ န် ကြား ရေး မှူး ချု ပ် နှ င့် ညွှန်ကြားရေးမှူးချုပ် တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆန္ဒဖော်ထုတ်ခြင်းအခမ်းအနားသို့ကော်မရှင်ရုံးအရာထမ်း/အမှုထမ်း(၇၉)ဦးတက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ညှိနှိုင်းရန် အစည်းအဝေးသို့ တက်ရောက်ခြင်း



ဇွန်လ ၈ ရက်

နေပြည်တော်၊ အမျိုးသားလွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမ၊ (ရေးရာဆောင်အမှတ် -၁၆) တွင် ၈-၆-၂၀၂၆ ရက်နေ့၌ ကျင်းပသည့် "အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ညှိနှိုင်းရန်" အစည်းအဝေးသို့ ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဥပဒေရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်အေးစန္ဒာမြင့်တို့ တက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း



မေလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၆ ခုနှစ်၊ ဇွန်လ အတွင်း နိုင်ငံတော်အလံအလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



ဇွန်လ ၁၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ (က) အရ ကော်မရှင်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော တိုက်ပွဲဝင်စည်းရုံးရေး (အရာရှိ) သင်တန်းအမှတ်စဉ် (၆) သို့ ၁၁-၆-၂၀၂၆ ရက်နေ့တွင် ၀၇:၃၀ နာရီအချိန်မှ ၀၉:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကိုပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ၉၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ)၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ (၂၂) က အရ ကော်မရှင်သည် လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းများကို ပြည်သူလူထုအတွင်း တက်ကြွစွာ မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော လက်ထောက်စုံစမ်းရေးမှူး လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁၁) သို့ ၁၇-၆-၂၀၂၆ ရက်နေ့တွင် ၀၇:၃၀ နာရီအချိန်မှ ၁၁:၃၀ နာရီအချိန်အထိ လူ့အခွင့်အရေးစံ တန်ဖိုးများ ဘာသာရပ် သင်ခန်းစာအား သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၃၆ ဦး၊ သင်တန်းသူ ၇ ဦး စုစုပေါင်း သင်တန်းသား ၄၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူ အရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တက်ရောက် သစ်ပင်စိုက်ပျိုးခြင်း







ဇွန်လ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ နေပြည်တော်(ရုံးခွဲ) မှ အရာထမ်း/အမှုထမ်းများသည် နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် ပထမအကြိမ်မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲတော်အား ၁၃-၆-၂၀၂၆ ရက်နေ့၊ ဒက္ခိဏသီရိမြို့နယ်၊ ပလေ့ကြိုးဝိုင်း အကွက်အမှတ် (၁)၊ သုခဝတီအိမ်ရာအနီးတွင်လည်းကောင်း၊ ဒုတိယအကြိမ်မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်အား ၂၅-၆-၂၀၂၆ ရက်နေ့၊ ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်းနှင့် တော်ဝင်ရတနာလမ်းဆုံတွင် လည်းကောင်း တက်ရောက်ပြီး ကျွန်းနှင့် ပျဉ်းကတိုးပင်များ စိုက်ပျိုးခဲ့ပါသည်။

## စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇွန်လ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (က) အရ လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများကိုပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာစေရန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော ရုံးဝန်ထမ်းများ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၃) သို့ ၃-၆-၂၀၂၆ ရက်နေ့တွင် ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးစံတန်ဖိုးများ ဘာသာရပ် သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း(မင်္ဂလာဒုံ)၌ သင်ခန်းစာ သွားရောက်ပို့ချ



ဇွန်လ ၁၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၂၂ (က) အရ ကော်မရှင်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းများဖြင့် လူ့အခွင့်အရေးဆိုင်ရာအသိပညာဗဟုသုတများ မြင့်မားလာစေရန် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သို့ ၁၉-၆-၂၀၂၆ ရက်နေ့တွင် ၁၃:၀၀ နာရီအချိန်မှ ၁၅:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၅၀ ဦး၊ သင်တန်းသူ ၅၀ ဦး၊ စုစုပေါင်း သင်တန်းသား ၁၀၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ဖြန့်ဝေရောင်းချပေးခြင်း



ဇွန်လ ၁၉ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂၅-၆-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၇၂) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၈၅၀၀/- ကျပ်နှုန်း ၊ ဧည့်မထ (၄၀) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၃၅၀၀/- ကျပ်နှုန်းဖြင့် လည်းကောင်း၊ ၉-၇-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီတစ်ပိဿာလျှင် ၈,၇၈၅/- ကျပ်နှုန်းဖြင့် (၃၀၉) ပိဿာအားလည်းကောင်း၊ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဝယ်ယူဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

---

## တိုင်ကြားချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း တိုင်ကြားချက် (၈၀) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၁၁) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၂) စောင်ကို ကာယကံရှင်ဆန္ဒအရ အမှုပိတ်သိမ်းခြင်း၊ တိုင်ကြားချက် (၁) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြုပြန်ကြားခဲ့ပြီး၊ တိုင်ကြားချက် (၃၀) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရ လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်၍ လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန် ကျန်ရှိသည့် တိုင်ကြားစာ (၃၆) စောင်ရှိပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လုပ်ရှားဆောင်ရွက်ချက်များ

ဇွန် ၃ – နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ၊

ဇွန် ၃ – စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ၊

ဇွန် ၅ – မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် တွေ့ဆုံဆွေးနွေး၊

ဇွန် ၈ – အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ညှိနှိုင်းရန် အစည်းအဝေးသို့ တက်ရောက်ခြင်း၊

ဇွန် ၉ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးဝန်ထမ်းများ၏ အခြေခံပညာကျောင်းနေအရွယ်သားသမီးများအားပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း၊

ဇွန် ၁၁ – ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ၊

ဇွန် ၁၁ – ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊

ဇွန် ၁၂ – ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့ တွေ့ဆုံဆွေးနွေးခြင်း၊

ဇွန် ၁၃ – မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တက်ရောက် သစ်ပင်စိုက်ပျိုးခြင်း၊

ဇွန် ၁၆ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သန်လျင်လူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း၊

ဇွန် ၁၆ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တက္ကသိုလ် (၁၂) ခု၏ ဥပဒေဌာနများသို့ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ စာအုပ်၊ စာတမ်းများ လှူဒါန်း၊

ဇွန် ၁၇ – စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ၊

ဇွန် ၁၇ – နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ၊

ဇွန် ၁၈ – မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပခြင်း၊

ဇွန် ၁၉ – အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း(မင်္ဂလာဒုံ)၌ သင်ခန်းစာ သွားရောက်ပို့ချ၊

ဇွန် ၁၉ – Canva Tools & Canva AI for Digital Design Creation သင်တန်းဖွင့်လှစ်ခြင်း၊

ဇွန် ၂၃ – ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊

ဇွန် ၂၄ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း၊

ဇွန် ၂၅ – ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ဖြန့်ဝေရောင်းချပေးခြင်း၊

ဇွန် ၂၆ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အင်းစိန်ဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း၊

ဇွန် ၂၉ – ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊

ဇွန် ၂၉ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့် သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း။

e-Newsletter, Vol. 5, No. 7, July 2026

## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် "ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်နေ့" အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော ကာတွန်း




| | | |
|---|---|---|
| အမည် | - | ဦးညီမင်းဇံ |
| ကလောင်အမည် | - | ညီ |
| ရာထူး | - | အကြီးတန်းစာရေး |
| ဌာန | - | e-government ဌာန |

********

# ENGLISH SECTION

Vol. 5, No. 7, July 2026

## Organizing an awareness-raising seminar on business and human rights in cooperation with the Myanmar National Human Rights Commission and the Myanmar Construction Entrepreneurs Federation

June 18

The Myanmar National Human Rights Commission (MNHRC) and the Myanmar Construction Entrepreneurs Federation (MCEF) jointly organized and held a seminar on business and human rights on 18 June 2026, at the Federation's premises in Thuwanna Township, Yangon, in a hybrid format. The event was attended U Thit Linn Ohn, Chairman of MNHRC and Commission Members, the Deputy Director-General of the Commission Office and relevant subject-matter officials and staff, as well as U Shein Win, Chairman of MCEF and 50 entrepreneurs, totaling 50 participants.

At the outset of the seminar, the Chairman of MNHRC delivered the opening remarks. He stated that this seminar represents the first-ever collaborative effort between the Commission and the Federation, on business and human rights awareness. He emphasized that business operators, including those in the construction sector, must implement preventive measures to ensure that their activities do not infringe upon the environment and human rights. He further noted that respecting human rights is not only a duty but also a crucial factor in building successful and sustainable businesses. Therefore, it is essential for their enterprises to be enduring and prosperous, as this will enable them to contribute to and support the nation's economic development and social welfare.

Following this, U Shein Win, Chairman of MCEF expressed his gratitude for the successful holding of the seminar.

Subsequently, Commission Member Dr. Daw Nu Nu Yee delivered a presentation on the fundamental nature of human rights; Commission Member Dr. Daw Tin Htay Ei presented about the Myanmar National Human Rights Commission and the relationship between human rights and the environment; and Deputy Director-General Dr. Khine Khine Win discussed business and human rights. After the presentations, the speakers responded to and clarified questions raised by the attendees.

The seminar commenced at 13:00 in the afternoon and concluded at 16:30.

## Myanmar National Human Rights Commission inspects the Insein Central Prison

June 26

An inspection team led by U Thit Linn Ohn, Chairman of the Myanmar National Human Rights Commission accompanied by Commission Members U Than Win, U Ohn Khaing, Dr. Nu Nu Yi, and Dr. Swe Swe Aung, conducted an inspection visit to the Insein Central Prison in Insein Township, Yangon region, on 25 and 26 June, 2026 in accordance with the provisions of Sections 43 and 44 of the Commission's Law.

During the inspection of the Insein Central Prison, the team visited and inspected the prisoners' dormitories, the dormitories for prisoners with diverse sexual orientations, the

ward for elderly prisoners with disabilities in the prison hospital, medical treatment wards, medicine warehouse, X-ray room, the dental treatment unit, the tuberculosis (TB) treatment unit, the library, vocational training workshop, Dhamma Hall, the kitchen, gas stoves, the food warehouse, water purifiers, and water storage tanks, while additionally checking the cleanliness of the internal and external sewage systems. In addition, the team observed the educational programs provided within the prison, which included basic literacy education covering for read and write as well as classes from Grade 9 to Grade 12, and university-level courses according to academic years.

The team inspected the fundamental rights entitled to prisoners, including the matters relating to an adequate food supply, access to healthcare services, the availability of sufficient purified drinking water and water for domestic use, the situation of allowing family visits, the receipt of items issued by the prison and those sent by family members, the provision of physical exercise and sports activities for health and fitness, the provision of formal education and vocational training. . In addition, the team inquired, whether there were instances of human rights violations or torture by prison officials and fellow inmates, the right to practice religion in accordance with their faith. Moreover, the team conducted private and confidential interviews with prisoners who requested to meet separately, and recorded their statements. The Commission donated knowledgeable books for prisoners to read and study, to the prison authorities. The team also followed up and checked the implementation of the previous recommendation made by the Commission.

The findings and recommendations from the inspection visits will be sent to the relevant department for necessary action, in line with the Commission's law.

## Myanmar National Human Rights Commission Inspected to Thanlyin Youth Training School

June 16

The inspection team from the Myanmar National Human Rights Commission, led by Commission Members U Than Win, U Ohn Khaing, and Daw Sandar, conducted an inspection at the Thanlyin Youth Training School which operates under the supervision of the Department of Social Welfare, Ministry of Social Welfare, Relief and Resettlement in Thanlyin Township, Yangon Region, on 16 June 2026.

During the inspection, the team inspected the matters including whether there were any delays in the judicial process of youths who were receiving care and training at the school, as well as the assess to healthcare services, provision of food, access to clean drinking water, dormitory arrangements, and the accessibility of National Scrutiny Cards. Furthermore, the team observed the rehabilitation efforts aimed at fostering the youths' mental and physical development through behavioral reformation to ensure their successful reintegration into society, as well as access to education and vocational training, the right to contact and reintegration with their family's members, and the right to freedom of religion.

The findings and recommendations from the inspection visits will be sent to the relevant department for necessary action, in line with the Commission's law.

## MNHRC Delivers Lecture on Human Rights at Civil Service Academy (Lower Myanmar)

June 3

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission Law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

Dr. Nu Nu Yee, the Commissioner and Dr. Khine Khine Win, the Deputy Director General of the Commission office addressed the lectures on human rights at the Course for Senior Officials Course No. (29), hosted by the Civil Service Academy (Lower Myanmar) on 3 June 2026 from 09:00 to 11:50. In this regard, the Commissioner covered the lecture on Concept of Human Rights, the Deputy Director General focused the lectures on Universal Declaration of Human Rights (UDHR), the Organization and Functions of Myanmar National Human Rights Commission. A total of 49 senior officials including 22 female participants attended the aforementioned course. Following the lectures, the Commissioner and the Deputy Director General accepted the questions from the trainees.

## MNHRC Delivers Lecture on Human Rights at Civil Service Academy (Upper Myanmar)

June 17

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Tin Htay Ei, the Commissioner and Dr. Khine Khine Win, the Deputy Director General of the Commission office focused the lectures on human rights at the Course for Senior Officials Course No. (22), held at the Civil Service Academy (Upper Myanmar) on 17 June 2026 from 08:00 to 11:50. In this context, the Commissioner covered the lecture on Concept of Human Rights, the Deputy Director General presented the lectures on Universal Declaration of Human Rights (UDHR), the Organization and Functions of Myanmar National Human Rights Commission. A total of 49 senior officials including 21 female participants attended the aforementioned course. Following the lectures, the Commissioner and the Deputy Director General accepted the questions from the trainees.

## MNHRC Gives Human Rights Lecture Police Officer Tactical Training Institute (Mandalay)

June 11

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. Daw Mi Mi Khaing, Deputy Director of the Commission office focused the lectures on human rights at the Combatant Organizing Officer Course No. (6), held at the Police Officer Tactical Training Institute (Mandalay) on 11 June 2026 from 07:30 to 09:50. In this regard, the Deputy Director focused the lectures on Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. A total of 99 trainees attended the aforementioned course. The lecturer responded to their inquiries during the interactive session.

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo)

June 17

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. Daw Mi Mi Khaing, Deputy Director of the Commission office covered the lecture on Human Rights Norms at the Assistant Investigator on the Job Training Course No. (11), hosted by the Investigation Training School (Taungoo) of Bureau of Special Investigation on 17 June 2026 from 07:30 to 11:30. The lecturer responded to inquiries from the trainees. A total of 43 trainees including 7 female trainees attended the course mentioned above.

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo)

June 3

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, U Kaung Khant Zin, Assistant Director of the Commission office addressed the lectures on human rights at Office Staff on the Job Training Course No. (3), held at the Investigation Training School (Taungoo) of Bureau of Special Investigation on 3 June 2026 from 08:00 to 11:50. In this regard, the Assistant Director presented the lecture on Human Rights Norms. A total of 37 trainees including 14 female trainees attended the course mentioned above. The lecturer then responded to the trainee questions.

## MNHRC Gives Human Rights Lecture at Institute of Development Administration(Mingaladon)

June 19

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. U Kaung Khant Zin, Assistant Director of the Commission office focused the lectures on human rights at Administration Officer Grade (1) Training Course No. (1/ 2026) holding at Institute of Development Administration (Mingaladon) of General Administration Department on 19 June 2026 from 13:00 to 15:50. In this regard, the Assistant Director covered the lectures on Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. A total of 100 trainees including 50 female trainees have been attending the aforementioned course. The lecturer was followed by the question and answer section.

## Status of Handing Complaints

During May 2026, MNHRC received 81 Complaints. The complaint investigation team held 3 complaint screening meetings for examining the complaints and 9 complaint were referred to the departments concerned. In 10 cases, the complainants were advised on more appropriate remedies. The 33 cases were recorded in accordance with the MNHRC Law. 29 complaints remains in May.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁ – ၈၆၅၄၆၇၀

**Website: https://mnhrc.org.mm**

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။

☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။

☎ ၀၄ – ၂၂၉၃၂၇

**e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။**

**e-government@mnhrc.org.mm**